# နွေဦးအသံ
the voice of spring

17.4.2021 · Saturday · No . 12 · Daily News Pamphlet


## ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ကို ပြည်သူလူထုက ည(၇)နာရီခွဲချိန်တွင် မိမိတို့နေအိမ်မှတဆင့် သောင်းသောင်းဖြဖြ လက်ခုပ်သြဘာတီးပြီး ကြိုဆိုထောက်ခံခဲ့ကြ

သတင်းတို — ရင်းမြစ်-နွေဦးအသံ မှ

## သင်္ကြန်အတက်နေ့တွင် မြို့ကြီးများ၌ "အသံတိတ်သပိတ်" ကို ပြုလုပ်ခဲ့ကြသဖြင့် လမ်းမကြီးများပေါ် လူသူကင်းမဲ့ခဲ့ပြီး နယ်မြို့အချို့တွင် သပိတ်စစ်ကြောင်းများ ပုံမှန်ချီတက်၍ အရှိန်အဟုန်မပြတ်ဆန္ဒပြကာ "တော်လှန်သင်္ကြန်" ကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ကြ

သတင်းတို — ရင်းမြစ်-နွေဦးအသံ မှ

## အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)က တင်သွင်းကြေညာပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) က အတည်ပြုဖွဲ့စည်းပေးခဲ့သည့် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (NUG)အဖွဲ့ဝင်များမှ (Online Video Conferencing) စနစ်ဖြင့် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြ

သတင်းတို — ရင်းမြစ်-CRPH မှ

# ကြားကာလ "အမျိုးသားညီညွတ်ရေးအစိုးရ" ဖွဲ့စည်းကြောင်း ကြေညာ




ဧပြီ ၁၆ ရက်၊ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၏ခေါင်းဆောင်များကိုတွေ့ရစဉ် -(ဓါတ်ပုံ-CRPH )

တိုင်းရင်းသားနိုင်ငံရေးသမားများ၊ NLD ထိပ်တန်းခေါင်းဆောင်များ ပါဝင်သော ကြားကာလအစိုးရအမည်စာရင်းကို သင်္ကြန်အတက်နေ့ ဖြစ်သည့် ဧပြီ ၁၆ ရက်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) က ကြေညာလိုက်သည်။ ယာယီဒုတိယသမ္မတ တာဝန်ယူထားသူ မန်းဝင်းခိုင်သန်းကို ဝန်ကြီးချုပ်တာဝန်ပေးထားပြီး အထိန်းသိမ်းခံနေကြရသော ခေါင်းဆောင်များဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းမြင့်တို့ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတ စသည့် မူလရာထူးများ ပြန်လည်ပေးအပ်ထားသည်။ နိုင်ငံတော်ဒုတိယသမ္မတမှာ ကချင်တိုင်းရင်းသားတစ်ဦးဖြစ်သူ ဒူဝါလရှီးလဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးလွင်ကိုလတ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးရည်မွန်(ခ)မောင်တင်သစ်တို့က တာဝန်ယူထားသည်။

ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီး ဒေါက်တာ လျန်မှုန်ဆာခေါင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဒေါက်တာဆာဆာ၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီး နော်ဆူဇန်နာလှလှစိုးတို့က တာဝန်ယူထားသည်။ ဒေါက်တာဇော်ဝေစိုးက ပညာရေးနှင့်ကျန်းမာရေး

ကျောဘက်သို့

ရင်းမြစ်-မြန်မာနောင်းမှ

## ရန်ကုန်ရှိ ကမာရွတ်၊ အင်းစိန်၊ တာမွေ မြို့နယ်များတွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်းသိရ

သတင်းတို — ရင်းမြစ်-မဇ္ဈိမ မှ

## ကချင်ပြည်နယ်၊ ရွှေကူမြို့တွင် ဆိုင်ကယ်စီးလာသည့် ဒေသခံ(၂)ဦး အကြောင်းမဲ့ ပစ်ခတ်ခံရ

သတင်းတို — ရင်းမြစ်-ခေတ်သစ် မှ

## မြန်မာ့အရေး အာဆီယံအရေးပေါ်အစည်းအဝေးကို ဧပြီ ၂၄ ရက်၌ ဂျာကာတာမြို့တွင် ပြုလုပ်မည်

သတင်းတို — ရင်းမြစ်-ခေတ်သစ် မှ

## ပဲခူးဆိုင်ကယ်စစ်ကြောင်းကို အကြမ်းဖက်စစ်အုပ်စုမှ ကားဖြင့် ဝင်တိုက်၍ ဖြိုခွဲဖမ်းဆီးခဲ့

သတင်းတို — ရင်းမြစ်-မဇ္ဈိမ မှ

# သတင်းမှတ်စု

ဧပြီလ (၁၆) ရက်၊ ၂၀၂၁




- ရန်ကုန်မြို့ အလုံမြို့နယ်၊ စက်တွင်းလမ်းရှိ စတုဒီသာအလှူပြုလုပ်နေသည့် လူ(၄) ဦးကို ညနေလေးနာရီခန့်၌ အကြမ်းဖက်စစ်အုပ်စုက ဝင်ရောက်ဖမ်းဆီးခဲ့ပြီး စတုဒီသာပစ္စည်းများနှင့် ခုံများကိုပါ ကားပေါ်တင် သွားကြောင်း သိရ။
- ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါနှင့် နမ္မတူမြို့နယ်များ၌ တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်းဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာနေရသူ နှစ်ထောင်ကျော် ရှိကြောင်းသိရ။
- အမျိုးသားညီညွတ်ရေးအစိုးရ NUG ကို ကြိုဆိုကြောင်းနှင့် လိုအပ်သော အခန်းကဏ္ဍများမှာ လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်ကြိုးစားမည်ဖြစ်ကြောင်း တအာန်းအဖွဲ့ TNLA ၏ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးချုပ်တာဘုန်းကျော်က ပြောကြားခဲ့။
- *သပိတ်မှတ်စု*
- ရန်ကုန်တိုင်း- သုဝဏ္ဏမြို့နယ်၊ လှိုင်၊ ရန်ကင်း၊ တောင်ဒဂုံ၊ စမ်းချောင်း၊ ရွှေပြည်သာ၊ ပုဇွန်တောင်၊ အင်းစိန်၊ သာကေတ၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ သင်္ဃန်းကျွန်း၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ သန်လျင်၊ မြောက်ဒဂုံ။ မန္တလေး- အနောက်ပြင်၊ စက်မှုစုပေါင်း၊ ပြည်ကြီးတံခွန်၊ အင်ဂျီနီယာအဖွဲ့သပိတ်၊ နွားထိုးကြီး။ သရက်ချောင်း-ပိန်းတော၊ ညောင်ဇင်ကျေးရွာ။ ရေဖြူမြို့။ ဖရူဆို။ ဒီးမောဆို။ လွိုင်ကော်၊ ထေးဒှားလျားနှင့် ဘာဒိုကျေးရွာ။ ရှမ်းမြောက်- နောင်ချိုမြို့။ မိုးကုတ်မြို့။ ပေါင်းတည်။ ပုသိမ်မြို့။ ညောင်ဦးမြို့။ ကလေးမြို့။ ကျောက်ပန်းတောင်း။ စစ်ကိုင်း၊ ကသာမြို့၊ ဆားလင်းကြီး-လင်းစားကျက်ရွာ။ မကွေးမြို့။ ပဲခူးမြို့။ ငွေဆောင်။ မော်လမြိုင်။ မုဒုံ။ ကျိုက်ထို။ ရေး။ လွိုင်ကော်-နာနတ်တော။ ငါန်းဇွန်မြို့နယ်-ရေဇင်းအုပ်စု။ ရှမ်းမြောက်-သီပေါမြို့။ မုံရွာ။ ကျောက်ဆည်မြို့။ ဖြူးမြို့နယ်-ဇေယျဝတီမြို့။ ဖားကန့်မြို့၊ မော်ဝမ်း ရပ်ကွက်။ မိတ္ထီလာ။ ဒီပဲယင်းမြို့နယ်-မရကန်ကျေးရွာ။ တောင်ကြီး၊ ကလော။ စဥ့်ကိုင်မြို့နယ်၊ ပလိပ်မြို့။ ထားဝယ်မြို့။ မြင်းခြံ။ မိုးကောင်း။ ရှမ်းမြောက်-ကျောက်မဲမြို့၊ သီပေါ၊ မူဆယ်။ ဧရာဝတီ- ကြံခင်းမြို့၊ လပွတ္တာ၊ ဖျာပုံ၊ ကျုံပျော်။ နန့်ခမ်း။ စစ်ကိုင်း-ကျွန်း လှ။ နမ္မတီး။ တောင်ငူ။ ရွှေဘို။ ပြည်မြို့။ အောင်လံမြို့။ ရေဦးမြို့။ ကျိုင်းတုံ။ ပေါင်။ ပေါင်းတည်။ ဘားအံ၊ ကော့ကရိတ်၊ ကျုံဒိုး၊ နမ္မတီး၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ ရွှေကူ၊ ပြင်ဦးလွင်၊ နေပြည်တော် စသဖြင့် မြို့အသီးသီး၌ သပိတ်စစ်ကြောင်းများ ချီတက်၍လည်းကောင်း၊ အသံတိတ်သပိတ်များဖြင့်လည်းကောင်း ပုံစံမျိုးစုံဖြင့် အရှိန်အဟုန်မပြတ် ဆန္ဒဖော် ထုတ်ခဲ့ကြကြောင်း သိရ။

ရင်းမြစ် - ခေတ်သစ်၊ဧရာဝတီ၊ မဇ္ဈိမ မှ

ဝန်ကြီးဌာနနှစ်ခုကို တာဝန်ယူထားသည်။ ဒေါက်တာဝင်းမြတ်အေးက လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီး၊ ဦးတင်ထွန်းနိုင်က စီမံကိန်း၊ ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးတာဝန်ကို ယူထားသည်။ CRPH နှင့် တိုင်းရင်းသား လက်နက်ကိုင်များ သဘောတူဖွဲ့စည်းထားသည့် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သည် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်စာချုပ်ပါ လမ်းပြမြေပုံအတိုင်း တစ်ဆင့်ချင်းဆောင်ရွက်သွားမည်ဟု ဆိုသည်။

အစိတ်အပိုင်း (၁) နှင့် အစိတ်အပိုင်း (၂) ဟူ၍ ပါရှိသည့် ထိုဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့မှ ဆောင်ရွက်ရမည့် အချက်များကို အဆင့်လိုက်ဖော်ပြထားသည်။ အစိတ်အပိုင်း (၁) တွင် ပါရှိသည့် နိုင်ငံရေးလမ်းပြမြေပုံတွင် အဆင့် (၈) ဆင့် ပါဝင်ပြီး အဆင့် (၄) အရ ကြားကာလအမျိုးသား ညီညွတ်ရေး အစိုးရအဖွဲ့ကို ဖွဲ့စည်းပြီးနောက် ဥပဒေပြုရေးနှင့် တရားရေးမဏ္ဍိုင်ဆိုင်ရာအဖွဲ့အစည်းများကို ဆက်လက်ဖွဲ့စည်းသွားရမည်ဖြစ်သည်။ ထို့နောက် တိုင်းပြုပြည်ပြုညီလာခံခေါ်ယူကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုပြီး လူထုဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုသွားရမည်ဖြစ်သည်။

ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၏ အုပ်ချုပ်ရေးစနစ်မှာ ဝန်ကြီးချုပ်ဦးဆောင်သည့် ပါလီမန်ဒီမိုကရေစီစနစ် (Parliamentary System) ကို ကျင့်သုံးသွားမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတ၊ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုသမ္မတ (၁) (၂) တို့ ပါဝင်သွားမည်ဖြစ်သည်ဟု ဖက်ဒရယ်ပဋိညာဉ်တွင် ဖော်ပြထားသည်။ အစိုးရအဖွဲ့က အတိုင်ပင်ခံကောင်စီ(NUCC) ၊ CRPH တို့နှင့် ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပါသည်။ ■

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၁၆)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၂၆ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၃၁၅၁ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၈၁၃ ဦး

ရင်းမြစ် - အေအေပီပီမှ




ဧပြီ (၁၆) ရက်၊ သင်္ကြန်အတက်နေ့ ဖားကန့်မြို့ရှိ အေးမြသာယာမှော်ပေါင်းစုံသပိတ်စစ်ကြောင်းကို တွေ့ရစဉ်

**အရေးတော်ပုံ မုချ အောင်ရမည်**

ညှော့
စာရင်း
တိုင်
မယ်ဆို
CDM
တွေကို
အားနာပါ

www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com

နွေဦးအသံ
the voice of spring

17.4.2021 · Saturday · No . 12 · Daily News Pamphlet